## ၂။ ငှက်ပျောပျပိုး

**Banana Aphids: *Pentalonia nigronervosa* (Coquerel, 1859)**

**Hemiptera: Aphididae**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**



ခန္ဓာကိုယ်ပျော့သည့်အင်းဆက်ဖြစ်ပြီး သပ်ပုံသဏ္ဌာန်ရှိကာ နီညိုရောင်မှ အနက်ရောင်ထိ ရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



အပင်တစ်ရှူးကိုထိုးဖောက်၍ သစ်ရည်ကိုစုပ်စားသောကြောင့် အရွက်များတွန့်လိပ်ပြီး အပင်ပုံပျက်သွားသည်ကိုတွေ့ရသည်။ ဆိုးဆိုးရွားရွားကျရောက်ပါက အရွက်များပေါ်တွင် ဖုလုံးပုံသဏ္ဌာန်လေးများဖြစ်ပေါ်လာခြင်း၊ အပင်ကြီးထွားမှုရပ်တန့်သွားခြင်းနှင့် သီးခိုင်များ ထွက်မလာ ခြင်းများတွေ့ရသည်။ ရွက်စွယ်များကြားနှင့် ပင်စည်အခြေတို့တွင် စုပြုံ၍ နေထိုင်စားသောက် လေ့ရှိသည်။ ငှက်ပျောရွက်ထိပ်စုစည်းရောဂါ Banana Bunchy Top Virus (BBTV) ကို သယ်ဆောင်ဖြန့်ဖြူးသော အင်းဆက်ကောင်ဖြစ်သည်။

**ဘဝစက်ဝန်း**

ဥအဆင့်မရှိပါ။

လောက်ကောင်အဆင့်        -(၉-၁၆)ရက်

အကောင်ကြီး အဆင့်        **- (** ၈-၂၆**)** ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ကျန်းမာသန်စွမ်းပြီး ဖျက်ပိုးကင်းစင်သော သားတက်များကို ရွေးချယ်အသုံးပြုပါ။

(၂) ငှက်ပျောရွက်ထိပ်စုစည်းရောဂါ Banana Bunchy Top Virus (BBTV) ကျရောက်နေသော အပင်များကို မြေအောက်ပင်စည်နှင့်အတူ ဖယ်ရှားဖျက်ဆီးပါ။

(၃) ဆပ်ပြာရည်ကို ရေဖြင့်ရောစပ်ပက်ဖျန်းပါ။

(၄) ထိသေ၊စားသေ (သို့) ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်း စာအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထား သည့် မခူး ဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- စပီရိုတတ်ထရာမက် (Spirotetramat)
- ပိုင်မီထရိုဇင်း(Pymetrozine)